**တိုင်းရင်းဆေးပညာပိုင်းဆိုင်ရာအရ မှန်ကန်မှုရှိသော တိုင်းရင်းဆေး ပညာရပ်ဆိုင်ရာ စာအုပ်၊ စာပေများ၊ ကျော်ငြာများထွက်ပေါ်လာရေး ဝိုင်းဝန်း ဆောင်ရွက်ရန်**

**(အဆို)**

လေးစားအပ်တဲ့ သဘာပတိကြီးနှင့် တကွ သဘာပတိအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးက ကြွရောက်လာကြတဲ့ ညီလာခံကိုယ်စားလှယ်တော်ကြီးများနဲ့ ဧည့်သည်တော်များအားလုံး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ် ခင်ဗျာ/ ရှင်။

ကျွန်တော်/ ကျွန်မကတော့ -------- တိုင်းဒေသကြီး-------- / ပြည်နယ်က ညီလာခံ ကိုယ်စားလှယ် တိုင်းရင်းဆေးသမားတော် ----------- ဖြစ်ပါတယ် ခင်ဗျာ/ ရှင်။ ကျွန်တော်/ ကျွန်မ ယခုတင်ပြမည့် အဆိုကတော့ **"ကျင့်ဝတ်နှင့်ညီ၍ တိုင်းရင်းဆေးပညာပိုင်းဆိုင်ရာအရ မှန်ကန်မှုရှိသော တိုင်းရင်းဆေး ပညာရပ်ဆိုင်ရာ စာအုပ်၊ စာပေများ၊ ကျော်ငြာများထွက်ပေါ်လာရေး ဝိုင်းဝန်း ဆောင်ရွက်ရန်"** ဆိုတဲ့ အဆိုပဲဖြစ်ပါတယ်။

လေးစားအပ်တဲ့ သဘာပတိကြီးခင်ဗျား/ရှင်။ ဒီကနေ့ နိုင်ငံတော် အစိုးရဟာ နိုင်ငံတော်ကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေထဲမှာ မြန်မာ့တိုင်းရင်းဆေး ပညာဟာ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းပြီးစနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ထွန်းကားပြန့်ပွားရေးအတွက် လည်း အဘက်ဘက်ကလမ်းညွှန်အားပေး မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီလို အချိန် အခါကောင်း မှာ တိုင်းရင်းဆေးပညာရှင်များအနေနဲ့လည်း တိုင်းရင်းဆေးလောကကြီး တိုးတက်မြင့်မားအောင် ကိုယ်စွမ်းရှိသမျှ ပါဝင်ဆောင်ရွက်ကြဖို့ လိုအပ် တယ်ဆိုတာစွဲမြဲ ယုံကြည်ထားသင့်ပါတယ်။ ဒီလို တိုင်းရင်းဆေးပညာ တိုးတက်မြင့်မားဖို့ စွမ်းဆောင်ကြရာမှာ တိုင်းရင်းဆေးသမားတော်များရဲ့ ကျင့်ဝတ်စည်းကမ်းနဲ့ တိုင်းရင်းဆေးပညာပိုင်းဆိုင်ရာများ မှန်ကန်မှုရှိသောပညာရပ်ဆိုင်ရာ စာအုပ် စာပေများ၊ ကျော်ငြာများ ထွက်ပေါ်လာရေးဟာလဲ အရေးကြီးပါတယ်။ ဒို့အတွက် တိုင်းရင်းဆေး လောကအကျိုးကို ဆောင်ရွက်ကြရမှာ တိုင်းရင်းဆေးဆရာအားလုံး လိုက်နာစောင့်ထိန်းအပ်သော နဝရတ်ကတိ သစ္စာနဲ့ မြန်မာ့ တိုင်းရင်းဆေးပညာရှင်များ လိုက်နာရမယ့် ကျင့်ဝတ်စည်းကမ်းများကို စောင့်ထိန်း လိုက်နာကြရန်လဲ အရေးကြီးတယ်ဆိုတာကို တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်တော်များ အားလုံးအသိပဲ ဖြစ်ပါတယ်။

ရှေးနှစ်ပေါင်းများစွာကတည်းက ဘိုးဘွားစဉ်ဆက် လက်ဆင့်ကမ်းအသုံးပြုလာကြတဲ့ မြန်မာ့ တိုင်းရင်းဆေးပညာကို ယနေ့ခေတ်အခါမှာ ပြည်သူတစ်ရပ်လုံးက အလေးထားအားကိုးပြီး အသုံးပြု လျက်ရှိပါတယ်။ ယခုလို ခေတ်ပြောင်းစနစ်ပြောင်းကာလမှာ မြန်မာ့တိုင်းရင်းဆေးပညာ တိုးတက်ဖို့ အတွက် အားကြိုးမာန်တက် ဆောင်ရွက်ဖို့လိုပါတယ်။ ဒေသအနှံ့အပြား

တိုင်းရင်းဆေးဝါးများ တွင်တွင်ကျယ်ကျယ် ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် ယနေ့ခေတ်မှာ သတင်းမီဒီယာများကို အသုံးပြု မှု တိုးတက်များပြားလာကြပါတယ်။ သတင်းစာ၊ စာနယ်ဇင်း၊ မဂ္ဂဇင်း၊ တီဗွီ၊ ရုပ်ရှင်တွေကနေ တိုင်းရင်းဆေးပညာရပ်ပိုင်းဆိုင်ရာ စာအုပ်၊ စာပေများနှင့် တိုင်းရင်းဆေးဝါးကြော်ငြာများ ကိုတွေ့ကြရ မှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့သဘာပတိကြီးခင်ဗျား/ရှင့်။ ယခုကျင်းပတဲ့ မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံမှာ တိုင်းရင်းဆေးသမားတော်များ မချိုးမဖောက်လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများ ကို အလေးအနက်ထား တင်ပြပါရစေ။ ဒီလိုတင်ပြရတာတွေဟာ တိုင်းရင်းဆေး လောကရဲ့ ဂုဏ်သိက္ခာ ကို ညိုးနွမ်းစေနိုင်တဲ့ စာအုပ်၊ စာပေနဲ့ဆေးဝါးကြော်ငြာများ ရေးသားဖော်ပြရာမှာ မှန်ကန်မှုရှိဖို့ အတွက် အဆိုပြုတင်ပြရတာပဲ ဖြစ်ပါတယ်။ စီးပွားရေး ဈေးကွက်အရ အချို့သော တိုင်းရင်းဆေးပညာ ဆိုင်ရာ ဗဟုသုတစာပေများ၊ ဆေးဝါးကြော်ငြာများ ဟာ ကျင့်ဝတ်စည်းကမ်း များကို လိုက်နာမှုမရှိဘဲ လွန်လွန်ကဲကဲ ကြော်ငြာနေတာတွေ့ရပါတယ်။ ဒီနေရာမှာတော့ မှတ်ပုံတင် တိုင်းရင်းဆေးသမားတော် များအတွက် ကျင့်ဝတ်များမှာ" သမားတော်တစ်ဦးသည် မိမိ၏ အမည်၊ ဘွဲ့၊ ရာထူးစသည်တို့ကို ဖော်ပြရာတွင် သင်တန်း စာမေးပွဲများ၌ ရရှိခဲ့သော ဂုဏ်ထူးရဘာသာရပ်များကို ထည့်သွင်း၍လည်းကောင်း လိုအပ်သည်ထက်လွန်ကဲ၍ လည်းကောင်း ဖော်ပြခြင်းမပြုရ။ အမည် ဆိုင်းဘုတ်ကိုလည်း ထားရှိသင့်သည့် အရွယ်အစားထက်ကြီးမားစွာ ဖော်ပြကာ ချိတ်ဆွဲ ကြော်ငြာခြင်း မပြုလုပ်ရ။"

မွန်မြတ်လှသော တိုင်းရင်းဆေးဆရာတို့၏ ဂုဏ်သိက္ခာကို အစဉ်အမြဲ ထိန်းသိမ်းရန် လိုအပ်လှသည့်အတိုင်း ဂုဏ်သိက္ခာကို ညိုးနွမ်းစေနိုင်သော ကျင့်ဝတ်နဲ့မညီသော အောက်ပါပြုမူ ဆောင်ရွက်ချက်များကို ရှောင်ကြဉ်ရမည်လို့ ဖွင့်ဆိုထားပါတယ်။

(က) လက်ဆင့်ကမ်း ကြော်ငြာစာများဖြင့် သော်လည်းကောင်း၊ လူကိုယ်တိုင်ပင် မိမိသည် လူနာများကို မည်သည့်နေ့၊ မည်သည့်နေရာ စသည်တို့တွင် မည်သို့ဆက်လက်၍ ကုသပေးနေသည် စသည်တို့ဖြင့် ကြေငြာခြင်း။

(ခ) ဆေးစွမ်းကောင်းများဟု အမည်တပ်ကာ လျှို့ဝှက်ရောင်းဝယ်အမြတ်ထုတ်ခြင်း။

(ဂ) ဆေးဝါးဖော်စပ်ရောင်းချသူများ၊ ကိရိယာတန်ဆာပလာများနှင့် အဆက်အသွယ် ပြုလုပ်ပြီး ယင်းပစ္စည်းရောင်းချရသည့် ငွေပေါ်တွင် အချိုးကျအမြတ်ခွဲဝေယူခြင်း။

(ဃ) ဆေးဝါးကုသရာ၌ အောင်မြင်ကြောင်း ဆေးလက်မှတ်များကို လည်းကောင်း၊ လူနာများထံမှ ကျေးဇူးတင်လွှာများကို ဖော်ပြ၍သော် လည်းကောင်း၊ (ဆေးပညာ ဆိုင်ရာ စာစောင်များမှ အပ) အခြားသတင်းများ၌ ဖော်ပြကြောင်း ကြော်ငြာခြင်း။

(င) တိုင်းရင်းဆေးကောင်စီ ဥပဒေအရ အသိအမှတ်ပြုခြင်း မခံရသူတစ်ဦးဦးအား အကာအကွယ်ပေးခြင်း။

(စ) " မပျောက်လျှင်ငွေမပေးစတမ်း" ဟု အပေးအယူ၊ အလောင်းအစားသဘောမျိုးဖြင့် လူနာအားဆေးကုသခြင်း။

(ဆ) မတရားသောနည်းဖြင့် ဆေးဝါးကုသမှုပြုခြင်း၊ မိမိမကျွမ်းကျင်သော အတတ်ကို တတ်ဟန်ဆောင်၍ ဆေးဝါးကုသည့် အမှုမျိုးကိုပြုလုပ်ခြင်းစတဲ့ အရေးကြီး အချက်များ ဖော်ပြထားချက်များနဲ့အညီ လေးစားစွာ လိုက်နာဆောင်ရွက်သင့်ပါကြောင်း တိုင်းရင်းဆေးသမားတော်များ ညီလာခံကနေ တိုက်တွန်းဆော်ဩလိုပါတယ်။

လေးစားအပ်တဲ့သဘာပတိကြီးခင်ဗျား/ရှင့်။ ကျင့်ဝတ်စည်းကမ်းနဲ့အညီ တိုင်းရင်းဆေးရဲ့ ဂုဏ်ဆောင်နေတဲ့ သမားတော်အများစု၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူတွေ ရှိနေကြသလို ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုတဲ့ ကျင့်ဝတ်စည်းကမ်းနဲ့မညီတဲ့ သမားတော်များ၊ တိုင်းရင်းဆေးဝါး ထုတ်လုပ်သူတွေလည်း ရှိနေတာ စိတ်မချမ်းမြေ့ဖွယ်ရာ ကြားသိမြင်တွေ့နေရပါတယ်။ တချို့ တိုင်းရင်း ဆေးဆရာများနှင့် ဆေးဝါး ထုတ်လုပ်သူများဟာ တိုင်းရင်းဆေးလောက ဂုဏ်သိက္ခာကျဆင်းစေမယ့် လုပ်ရပ်မျိုး၊ စာပေနဲ့ဆေးဝါး ကြော်ငြာ ရေးသားမှုမျိုးကို ဆောင်ရွက်နေကြတာဟာ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်ဆိုသလို တိုင်းရင်းဆေးလောကအတွက် ထိခိုက်နစ်နာဖွယ်ရာများ ဖြစ်ပါတယ်။ တချို့ တိုင်းရင်းဆေးဆရာ အမည်ခံထားပေမယ့် အမှန်တကယ် ပျောက်ကင်းသက်သာမှုမရှိတဲ့ ဆေးခန်းဆိုင်းဘုတ် အကြီးကြီးတွေနဲ့ ကြော်ငြာတာ၊ အထင်ကြီးအောင်၊ လူနာလာအောင် အလားတူ ဆေးဝါးထုတ်လုပ်သူများအနေနဲ့ မိမိဆေးဝါးများ အရောင်းသွက်အောင် လိမ်ညာလှည့်ဖျားတဲ့ အရေးအသားတွေနဲ့ အလွန်အကြူးရေးသား ကြော်ငြာတွေထုတ်လွှင့်လာတာဟာ တိုင်းရင်းဆေးသမားတော်များနဲ့ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများအနေနဲ့ မလျော်ညီတဲ့ အပြုအမူများ ဖြစ်ပြီး ငွေမျက်နှာသာကြည့်တဲ့သူတွေ ရှိနေသေးတာကို တိုင်းရင်းဆေးလောက သိက္ခာကျဖွယ်ရာ တွေ့နေရပါတယ်။ ဒါတွေဟာ အထူးဆင်ခြင်စရာ ကောင်းလှပါတယ်။ တချို့ကလည်း မိမိတို့ ဆေးဝါးကုသရာမှာ အလွန်အကြူးကြော်ငြာနေကြတာတွေ ပြည်သူလူထုက ယုံကြည်ပြီး လာရောက်ဆေးဝါး ကုသမှုခံယူ တဲ့အခါ ရောဂါပျောက်မှ ငွေပေးပါ။ မပျောက်ရင်ငွေ မပေးနဲ့ဆိုတာမျိုးနဲ့ လောင်းကြေး ထပ်တဲ့ပုံစံ လုပ်တာတွေဟာ တိုင်းရင်းဆေးသမား တော်များ ကျင့်ဝတ်တို့ကိုချိုးဖောက်ရာ ရောက်နေပါတယ်။ ဒီလို အပြုအမူတွေတွေ့ရရင် လုံးဝ ရှောင်ကြဉ်ဖို့ တိုင်းရင်းဆေးသမားတော် အားလုံးလိုက်နာကြရမှာပါပဲ။

တိုင်းရင်းဆေးလောကရဲ့ ဂုဏ်သိက္ခာတွေကို မိမိရဲ့ အပြုအမူ၊ အပြော အဆို၊ အရေးအသားတွေနဲ့ ထိပါးလာရင်၊ တိုင်းရင်းဆေးသမားတော်ရဲ့ ကျင့်ဝတ်တွေ၊ စည်းကမ်းတွေကို မလိုက်နာရင် တိုင်းရင်းဆေးကောင်စီနဲ့ တိုင်းရင်းဆေးဝါးဥပဒေအရ ကျောသားရင်သားမခွဲခြားဘဲ အရေးယူသင့်

ပါတယ်။ ကျူးလွန်လာရင် တိုင်းရင်းဆေးကောင်စီ ဥပဒေအတိုင်းအရေးယူဖို့အထိ ဆောင်ရွက်သွားသင့်ပါကြောင်း အဆိုပြု တင်ပြလိုပါတယ်။

လေးစားအပ်တဲ့ သဘာပတိကြီးခင်ဗျား/ရှင့်။ ဒီနေ့နိုင်ငံတော် အစိုးရဟာ ခေတ်မီ ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ထွန်းလာရေးအတွက် ဘက်စုံ၊ ထောင့်စုံကနေ အရှိန်ဟုန်နဲ့ ကြိုးပမ်းဆောင်ရွက်နေရာမှာ " တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနဲ့ ပညာရည်မြင့်မားရေး" အတွက် အားပေးမြှင့်တင်ပေးနေချိန်မှာ တိုင်းရင်းဆေးသမားတော်များကလည်း ကျရာတာဝန်ကို ဦးလည်မသုန်ထမ်းဆောင်ကြဖို့လိုပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ တိုင်းရင်းဆေးသမားတော်များ အားလုံးက ပူးပေါင်းကြရာမှာ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ စာပေနဲ့ဆေးဝါးကြော်ငြာရေးသား မှုများကိုပါ တစ်ဦးကိစ္စတစ်ဦး မဆိုင်သလိုမနေကြဘဲ အပြုသဘောဆောင်ပြုပြင်ထိန်းသိမ်းကြဖို့ အချိန်တန်ပြီလို့ ဆွေးနွေးချင်ပါတယ်။

တစ်ဆက်တည်းမှာ ကျင့်ဝတ်စည်းကမ်းနှင့်ညီ၍ တိုင်းရင်းဆေးပညာရပ်ပိုင်းဆိုင်ရာ မှန်ကန်မှု ရှိတဲ့ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ စာအုပ်၊ စာပေများ၊ ဆေးဝါးကြော်ငြာတွေ ကြော်ငြာနေတဲ့ တိုင်းရင်းဆေးဝါးလုပ်ငန်းရှင်တွေရှိသလို တိုင်းရင်းဆေးလောကရဲ့ ဂုဏ်သိက္ခာကို ညိုးနွမ်းစေနိုင်တဲ့ စာအုပ်၊ စာပေနဲ့ ဆေးဝါးကြော်ငြာများကို လွန်ကဲစွာရေးသားဖော်ပြထားတာတွေကိုလည်း ယခုခေတ် စာပေဆိုင်ရာ အပတ်စဉ် ထုတ်ဂျာနယ်၊ လစဉ်ထုတ်မဂ္ဂဇင်းများမှာ တွေ့နေရတာဟာ အလွန်စိတ် မကောင်းစရာ ဖြစ်ပါတယ်။အဲဒီအပြင် မိမိတို့ရဲ့ ကျွမ်းကျင်ပညာရပ်ပိုင်းဆိုင်ရာ မဟုတ်တဲ့ ပညာရပ်တွေနဲ့ တိုင်းရင်းဆေးပညာပိုင်းဆိုင်ရာ မှန်ကန်မှုမရှိတဲ့ တိုင်းရင်းဆေးဆရာ(အမည်ခံ) တွေက စာအုပ်တွေ ဆောင်းပါးတွေကို ရေးသားထုတ်ဝေနေကြတာလည်း စိတ်မကောင်းဖွယ်ရာ တွေ့မြင်ကြ ရပါတယ်။ ဒေသအနှံ့အပြားလူမှုကွန်ယက် (Face book) တီဗွီ၊ ရေဒီယိုများမှ တစ်ဆင့် သတင်း အချက်အလက်ကြော်ငြာများဟာ အချိန်တိုအတွင်း နေရာအနှံ့ရောက်ရှိနေပါတယ်။(Facebook) လူမှုကွန်ယက်သုံးစွဲမှုအလွန်ကျယ်ပြန့်နေတဲ့ ယနေ့ခေတ်အခါမှာ တရားဝင်ကြေငြာခွင့် လျှောက်ထား ခြင်းမရှိဘဲ စည်းမျဉ်းစည်းကမ်းနဲ့ မကိုက်ညီပဲ ကြေငြာရောင်းချနေကြတာကိုလည်း စိတ်မကောင်းဖွယ် တွေ့မြင်နေရပါတယ်။ တိုင်းရင်းဆေး ကြော်ငြာများဟာ ပိုမိုကျယ်ပြန့်လာလို့ သုံးစွဲလာတာလည်း များလာတယ်။ ဒါဟာ ဝမ်းသာစရာ ဖြစ်ပေမယ့် ဆေးဆရာများနှင့် ဆေးဝါးထုတ်လုပ်သူများဟာ လူနာ နှင့်စားသုံးသူများကို ကြော်ငြာဆိုင်ရာ ကျင့်ဝတ်နဲ့အညီ သိက္ခာရှိရှိ စည်းကမ်းတကျ ကြော်ငြာဖို့ လိုအပ် လာပြီ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ သဘာပတိကြီးခင်ဗျား/ရှင်။ အခုတင်ပြတဲ့ အဆိုပြုချက်ဟာ အလွန်အရေးပါတဲ့ အဆိုပြုချက်ဖြစ်တဲ့အပြင် တိုင်းရင်းဆေးဆရာများနှင့် ဆေးဝါးထုတ်လုပ်သူများ အသက်ရှင်သန် နေသမျှ ကာလပတ်လုံး ဆောင်ရွက်ရမယ့် လုပ်ငန်းတာဝန် လည်းဖြစ်ပါတယ်။

တိုင်းရင်းဆေးပညာ ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများ ဆိုင်ရာမှာ နယ်ပယ်ဟာ ကျယ်ဝန်းလှပါတယ်။ ခြုံငုံပြီးတင်ပြရရင် တိုင်းရင်းဆေးဆရာတွေအနေနဲ့ မိမိတို့ရဲ့ ဂုဏ်သိက္ခာ၊ တိုင်းရင်းဆေးလောကရဲ့ ဂုဏ်သိက္ခာမကျ ဆင်းအောင် တိုင်းရင်းဆေးကောင်စီဥပဒေနှင့် တိုင်းရင်းဆေးသမားတော် ကျင့်ဝတ်စည်းကမ်းတွေကို တစ်သဝေမတိမ်း လိုက်နာစောင့်ထိန်း ကြရပါမယ်။ တိုင်းရင်းဆေးဂုဏ်သိက္ခာမြင့်မားအောင် အမျိုးသားရေးအမြင်နဲ့ ဆောင်ရွက်ဖို့ လိုပါမယ်။ တိုင်းရင်းဆေး ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းတွေကို ဆောင်ရွက်မယ့်သူတွေဟာ အရည်အချင်းထက်မြက်ပြီး ဂုဏ်သိက္ခာရှိတဲ့၊ ကျင့်ဝတ်နဲ့ စည်းကမ်းကို တန်ဖိုးထားတတ်တဲ့ ဆရာတွေဖြစ်ဖို့ လိုအပ်လှပါတယ်။ ဒီလို ကျင့်ဝတ်နဲ့ စည်းကမ်းကို စောင့်စည်း ထိမ်းသိမ်းဖို့ဟာ တိုင်းရင်းဆေးသမားတော်များသာမက ဆေးဝါးထုတ်လုပ်သူ လုပ်ငန်းရှင် တွေမှာပါ တာဝန်ရှိတယ် ဆိုတဲ့ အကြောင်းကိုလည်း ဒီညီလာခံကတစ်ဆင့် အဆိုပြုတင်ပြလိုပါတယ်။ ဒါမှသာ တိုင်းရင်းဆေးလောက ဂုဏ်သိက္ခာ တင့်တယ် မြင့်မားလာမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ သဘာပတိကြီး ခင်ဗျား/ရှင့်။ ယနေ့ခေတ်ကာလမှာ ကမ္ဘာတစ်ဝန်းလုံးမှာ ရော ကျွန်တော်တို့ မြန်မာနိုင်ငံမှာပါ တိုင်းရင်းဆေးဝါးများအကြောင်းတွေကို မီဒီယာအမျိုးမျိုးမှာ ကြော်ငြာရေး သားဖော်ပြမှုများ အလွန့်အလွန် များပြားလာတာတွေ့ရပါတယ်။ တိုင်းရင်းဆေး ပညာဟာ သာမန်ပညာရပ်မျိုး မဟုတ်ဘဲ အလွန်သိမ်မွေ့နက်နဲပြီး သဘောတရားများ နှင့် စဉ်းစားဆုံးဖြတ် ကုသရသော ဆေးပညာရပ်မျိုးဖြစ်ပါတယ်။ ပညာရပ်ရဲ့ နယ်ပယ်ကို ကျော်လွန် ကာ အလွန်အကျူး ရေးသားဖော်ပြချက်များ၊ ဆေးဝါးကြော်ငြာခြင်းများကို တိုင်းရင်းဆေး သမားတော်များနဲ့ ဆေးဝါး ထုတ်လုပ်သူများက ဝိုင်းဝန်းထိန်းသိမ်းကြရမှာ ဖြစ်ပါတယ်။

တိုင်းရင်းဆေးပညာရှင်အသီးသီးက ကိုယ်ရောစိတ်ပါပါဝင်ပြီး တိုင်းရင်းဆေးပညာ ဘက်စုံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် စည်းစည်းလုံးလုံးနဲ့ ဆောင်ရွက်သင့်ပြီ ဖြစ်ပါတယ်ရှင်။ ဒါကြောင့် ဒီ(၁၇)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကနေ ရှေ့လုပ်ငန်းစဉ် တစ်ရပ်အဖြစ် တင်ပြလိုတာကတော့ **"ကျင့်ဝတ်နှင့်ညီ၍ တိုင်းရင်းဆေး ပညာပိုင်းဆိုင်ရာ မှန်ကန်မှုရှိသော တိုင်းရင်း ဆေး ပညာရပ်ဆိုင်ရာစာအုပ်၊ စာပေများ၊ ကြော်ငြာများ ထွက်ပေါ်လာရေးဝိုင်းဝန်း ဆောင်ရွက်ရန်"** အဆိုကို အလေးအနက် တင်သွင်းအပ်ပါ တယ်ရှင့်/ ခင်ဗျား။